“ငါသည် အသင်တို့အား အလ္လာဟ်အရှင်မြတ်အား

ကြောက်ရွံ့ရိုသေစွာဖြင့်

နေထိုင်ကြရန်နှင့်(အုပ်ချုပ်သူများ၏ အမိန့်ကို) နာခံလိုက်နာကြရန် ဆုံးမညွှန်ကြားပါသည်။

ထိုအုပ်ချုပ်သူသည် ဟဗရှီကျွန်တစ်ဦးဖြစ်စေကာမူ (နာခံလိုက်နာကြလော့)။ ငါကိုယ်တော် ၏နောက်တွင်

သင်တို့သည် အလွန်များပြားလှစွာသော

ကွဲလွဲမှုဒွိဟများကို တွေ့မြင်ကြရလိမ့်မည်။

သို့ဖြစ်ရာ သင်တို့သည် ငါကိုယ်တော်၏

စွန္နသ်လမ်းစဉ်နှင့်

ခုလဖာအိရာရှီဒီးန်(ဖြောင့်မတ်မှန်ကန်သောခေါင်းဆောင်ခလီဖဟ်ကြီးများ)၏ စွန္နသ် (စံနမူနာ)လမ်းစဉ်ကို ခိုင်မြဲစွာ ကိုင်စွဲထားကြလော့

အဘူ နဂျီဟ် အိရ်ဗာဿ်ွ ဗင်င်န် ဆာရိယဟ်(ရဿွိယလ္လာဟုအန်ဟု) မှဆင့်ပြန်ခဲ့သည်။အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) သည်
ကျွန်ုပ်တို့အား စိတ်နှလုံးများ တုန်လှုပ်စေပြီး မျက်ရည်များ ကျရောက်စေသည့်စိတ်နှလုံးကို နှိုးဆော်သော တရားစကား မိန့်ကြားတော်မူခဲ့သည်။ ထိုအခါ
ကျွန်ုပ်တို့က “အို- အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော်၊ ဤသည်
နှုတ်ဆက်ခွဲခွါသူတစ်ဦးက ဆုံးမဩဝါဒတရားဟောကြား‌နေခြင်းကဲ့သို့ဖြစ်ပါသည်။
သို့ဖြစ်ပါ၍ ကျွန်ုပ်တို့အား ညွှန်ကြားဆုံးမ ပေးသနားတော်မူပါ” ဟု
လျှောက်ထားခဲ့သည်။ ထိုအခါ တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) က “ငါသည်အသင်တို့အား အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ရိုသေစွာဖြင့်နေထိုင်ကြရန်နှင့်(အုပ်ချုပ်သူများ၏ အမိန့်ကို) နာခံလိုက်နာကြရန်
ဆုံးမညွှန်ကြားပါသည်။ ထိုအုပ်ချုပ်သူသည် ဟဗရှီကျွန်တစ်ဦးဖြစ်စေကာမူ (နာခံလိုက်နာကြလော့)။ ငါကိုယ်တော် ၏နောက်တွင် သင်တို့သည် အလွန်များပြားလှစွာသောကွဲလွဲမှုဒွိဟများကို တွေ့မြင်ကြရလိမ့်မည်။ သို့ဖြစ်ရာ သင်တို့သည် ငါကိုယ်တော်၏စွန္နသ်လမ်းစဉ်နှင့် ခုလဖာအိရာရှီဒီးန်(ဖြောင့်မတ်မှန်ကန်သောခေါင်းဆောင်ခလီဖဟ်ကြီးများ)၏ စွန္နသ် (စံနမူနာ)လမ်းစဉ်ကို ခိုင်မြဲစွာ
ကိုင်စွဲထားကြလော့။ ထိုစွန္နသ် (စံနမူနာလမ်းစဉ်) ကို သင်တို့၏အံသွားများဖြင့်ခိုင်မြဲစွာ ကိုက်ထားကြလေကုန်။ သတိပြုကြလေကုန်၊ ဒီန်သာသနာတော်နှင့်စပ်လျဉ်း၍မိမိတို့စိတ်ကူးထင်မြင်ချက်မှ ပေါ်ပေါက်လာသော အသစ်အဆန်းများ (ဗိဒ်အသ်များ) မှရှောင်ရှားကြလေကုန်။ ဧကန်မုချ ဗိဒ်အသ်တိုင်းသည် လမ်းမှားပင်ဖြစ်၏။"
[صحيح] [رواه أبو داود والترمذي]

http://www.sunnah.global/hadeeth/my/show/66529